**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(၆၅)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါ တော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၀၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၄ ရက်၊

(၂) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

မူကြမ်း

(၄) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၅) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၁ ရက်၊

(၇) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၄ ရက်၊

(၈) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၉) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်နှင့်

(၁၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၄ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာ (၁၆)ခုတင်ဆံ့ ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံဖွင့်လှစ်ရေးအတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့် ကြန့်ကြာနေခြင်းမှာ မည်သည့်အတွက်ဖြစ်သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိရေးမှာ ဝန်ထမ်းဖွဲ့စည်းပုံခွင့်ပြုမိန့် ကြန့်ကြာနေတဲ့အတွက် ဒီမေးခွန်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးမြန်းထားခဲ့ပါတယ်။ ကျွန်တော်မေးမြန်းထားတဲ့ ကြက်တကောင်ကျေးရွာ (၁၆)ခုတင်ဆံ့ဆေးရုံနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနရဲ့ ၁၂-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ကမသ/ဃ-၁၄၀၇/၁၆၁ ဖြင့် ၁၂-၅-၂၀၁၅ ရက်နေ့မှစတင်ပြီး ဖွင့်လှစ်ခွင့်ပြုကြောင်းနဲ့ ဝန်ထမ်းဖွဲ့စည်းပုံခွင့်ပြုချက်ပါ တစ်ပါတည်းခွင့်ပြုထားပြီးဖြစ်တဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ဒေသခံမိဘများကိုယ်စား တင်ပြလိုပါတယ်။ သို့ပါ၍ ဆေးရုံဖွင့်လှစ်ခွင့်နဲ့ ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုမိန့်ချပြီးဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ရုပ်သိမ်းပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဖြေကြားစရာ မလိုတော့ပါဘူး။

**ပလက်ဝမြို့နယ်၏ အရှေ့မြောက်ဘက် အိန္ဒိယနယ်စပ်ဒေသရှိ ပထိန်တလင် ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ဂါရဝလည်း ပြုပါတယ်။ ကျွန်တော်က တော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်း ဖြစ်ပါတယ်။ ကျွန်တော့် မေးမြန်းချက်ကို ဖတ်ပြဖို့ ခွင့်ပြုပါ။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၏အရှေ့မြောက်ဘက်ရှိ ဝေးလံခေါင်သီသော အိန္ဒိယနယ်စပ်တွင် ပထိန်တလင်ကျန်းမာရေးဌာနခွဲအပါအဝင် ကျန်းမာရေးဌာန သုံးခုရှိပါတယ်။ ကျေးရွာပေါင်း ၂၆ ရွာ၊ အိမ်ခြေပေါင်း ၁၄၂၈၊ လူဦးရေပေါင်း ၇၅၆၃ ဦးရှိပါတယ်။ ပထိန်တလင်ရွာတွင် အိမ်ခြေ ၁၃၀၊ လူဦးရေ ၆၆၆ ဦးနှင့် အထက်တန်းကျောင်း(ခွဲ)လည်း ရှိပါတယ်။ သို့ပါ၍ ပထိန်တလင်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ရဲ့ အရှေ့ မြောက်ဘက် အိန္ဒိယနယ်စပ်မှာရှိတဲ့ ပထိန်တလင်ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက် ကျန်းမာရေးဌာနအဆင့်သို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးတိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိ နှင့်ပတ်သက်၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ပထိန်တလင်ကျေးလက်ကျန်းမာရေးဌာနခွဲသည် ရှင်းလက်ဝကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၂၂ မိုင်ကွာဝေးခြင်း၊ အိမ်ခြေ ၇၁၅ အိမ်၊ လူဦးရေ ၃၈၁၁ ဦးရှိပြီး ပထိန်တလင်ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပါက ကျေးရွာ ၁၂ ရွာအား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည်ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ကျောက်ဖြူမြို့၊ စံပြရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ရခိုင်ပိုက်ဆိပ်(ဆားပြင်ကွင်း)ရပ်ကွက်တို့တွင် မိုးရေစီးဆင်းမည့်လမ်းမရှိ၍ သွေးလွန်တုပ်ကွေးရောဂါနှင့် တွေ့ကြုံနေရသည်ကို သိရှိပါသလား၊ အိမ်ပိုင်ယာပိုင်မရှိကြသည့် လက်လုပ်လက်စားများအတွက် ရပ်ကွက်သစ်များ တိုးချဲ့ကာ မြေကွက်များ ချထားပေးရန်နှင့် တရားမဝင်သည့်နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းနှင့် အခြားမြေလွတ်များအသုံးပြုနေခြင်းများကို မည်သည့်အချိန်တွင် မည်သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကျောက်ဖြူမြို့ရဲ့ မြို့ပြဆိုင်ရာနှင့်ပတ်သက်လို့ မေးခွန်းများမေးမြန်းမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေလ ၁၃ ရက်နေ့က ကျွန်တော် လွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။ ဇွန်လ ၁၀ ရက်နေ့ ကျွန်တော် ကျောက်ဖြူကို ခဏပြန်ရောက်တော့ ရေမြောင်းအချို့ ပြင်ဆင်နေတာကို တွေ့ရပါတယ်။ အခုမေးခွန်းတွေကို ကျွန်တော် စတင်မေးမြန်းပါမယ်။ (၁) ကျောက်ဖြူမြို့ မြို့ပေါ်ရပ်ကွက်များဖြစ်ကြသော စံပြရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ရခိုင်ပိုက်ဆိပ်(ဆားပြင်ကွင်း)ရပ်ကွက်တို့တွင် ပိတ်ဆို့ထားသည့်လမ်းများ၊ ပိတ်ဆို့နေသည့်ရေမြောင်းများ၊ ပိတ်ဆို့နေသည့်ရေလမ်းကြောင်းများတို့ကြောင့် ထိုရပ်ကွက်များတွင် မိုးရွာသည်နှင့် ရပ်ကွက်အတွင်း ရေများပြည့်လျှံလျက်ရှိသည်ကို သက်ဆိုင်ရာက သိရှိပါသလား။ (၂) ရပ်ကွက်အတွင်း မိုးရေများစီးဆင်းပြီးလမ်းမရှိ၍ နောက်ဆက်တွဲအဖြစ် သွေးလွန်တုပ်ကွေး အစရှိသော ရောဂါဖြစ်ပွားနိုင်သည့် အခက်အခဲအမျိုးမျိုးနှင့် တွေ့ကြုံနေရသည်ကို သက်ဆိုင်ရာများက သိရှိပါသလား။ (၃) ကျောက်ဖြူမြို့ မြို့ပေါ်ရပ်ကွက်အသီးသီးတွင်နေထိုင်ကြပြီး အိမ်ပိုင်ယာပိုင်မရှိကြသည့် လက်လုပ်လက်စားများကို စာရင်းဇယားတိကျစွာကောက်ယူပြီး ရပ်ကွက်သစ်များတိုးချဲ့ကာ အိမ်ယာမြေကွက်များ ချထားပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိဌာနများက စီစဉ်ဆောင်ရွက်ပေးပါမည်လား။ (၄) ကျောက်ဖြူမြို့ရှိ ရပ်ကွက်အသီးသီးတွင် တရားမဝင်သည့်နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းများ၊ အခြားမြေလွတ်များအသုံးပြုနေခြင်းကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပါမည်နည်း။ မည်သည့်အချိန်တွင်

အရေးယူဆောင်ရွက်ပါမည်နည်း။ အရေးယူဆောင်ရွက်ရာတွင် တစ်စုံတရာထိခိုက်၍ လူမှုရေးအရ ကူညီရမည့်သူများကို တာဝန်ရှိဌာနဆိုင်ရာတို့က မည်ကဲ့သို့ကူညီစောင့်ရှောက်ပေးပါမည်နည်းဆိုတဲ့ မေးခွန်းတွေဖြစ်ပါတယ်။

ဒီမေးခွန်းတွေ မေးမြန်းရတဲ့အကြောင်းပြချက်အချို့ကို ကျွန်တော် ဖတ်ပြပါမယ်။ အကြောင်းပြချက် ခြောက်ခုအနက်က (၅)အချက်ကတော့ ယခုအခါ ကျောက်ဖြူဒေသ၌ အထူးစီးပွား ရေးဇုန်တည်ထောင်ရန် အစီအစဉ်ရှိရာ ကုမ္ပဏီကြီးများ လွှမ်းမိုးမလာမီ ဒေသခံ အိမ်မဲ့၊ ယာမဲ့၊ မြေမဲ့ လက်လုပ်လက်စားအဖြစ် ရှိနေကြသူများကို သင့်တော်သည့်နေရာများတွင် အိမ်ရာမြေကွက်များ ခွဲဝေချမှတ်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ အိမ်ရာမြေကွက်သစ်များ၊ ရပ်ကွက်သစ်များ ချမှတ်ပေးမည်ဆိုပါက မြို့နှင့်တစ်ဆက်တစ်စပ်တည်း နေရာအများအပြားရှိပါတယ်။ အဝေးမှရောက်လာကြမည့် ကုမ္ပဏီကြီးများအရေးထက် ဒေသခံပြည်သူများအရေးက ပိုအရေးကြီးပါသည်။ (၆) ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်အသစ်များဖြစ်ကြသော စံပြရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ရခိုင်ပိုက်ဆိပ်(ဆားပြင်ကွင်း) ရပ်ကွက်ရှိ လမ်းပိတ်ဆို့မှုများ၊ ရေမြောင်းပိတ်ဆို့မှုများ ၎င်းရေလမ်းကြောင်း ပိတ်ဆို့မှုများကို ဖယ်ရှားရန် ယခုနှစ် မိုးမကျမီ စီမံချက်များချမှတ်ဆောင်ရွက်သင့်ပါတယ်။ ကျောက်ဖြူမြို့မှာ ခရိုင်မြို့ဖြင့်သဖြင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါတယ်။ သို့သော်တာဝန်ရှိသူများက ဆောင်ရွက်ခြင်းမပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ မိမိကိုယ်တိုင်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များကို အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးဖူးပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြား

အပ်ပါတယ်ခင်ဗျာ။ ကျောက်ဖြူမြို့ပေါ်ရှိ စံပြရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ရခိုင်ပိုက်ဆိပ် ရပ်ကွက်တို့တွင် မိုးရာသီတွင်ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကရေ ထွက်ပေါက်များဖြစ်သည့် ထောင်သားမြောင်း၊ ခဝါသည်မြောင်း၊ ကျွန်းသာယာ၊ သန်ပန်ချောင်း၊ စည်ပင်ဈေးကြီး ရေထွက်ပေါက်တို့အား စက်ယန္တရားဖြင့် တူးဖော်ပြီး ရပ်ကွက်အတွင်း ပိတ်ဆို့နေသော ရေမြောင်းများကို အမြန်ဆုံးတူးဖော်ရန် စီစဥ်ထားပြီးဖြစ်ပါတယ်။ ၎င်းရေမြောင်းများတူးဖော်ရာတွင် သုံးစွဲရန်အတွက် ခွင့်ပြုငွေပြည့်စုံလုံလောက်မှုမရှိ၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ အုပ်ချုပ် ရေးအဖွဲ့များ၊ ရပ်ကွက်အတွင်း စေတနာရှင်များနှင့်ပူးပေါင်းပြီး စီစဥ်ဆောင်ရွက်ကြရာ ၂၀-၅-၂၀၁၅ နေ့မှစတင်ပြီး ထောင်သားမြောင်းအား စတင်တူးဖော်နေပြီး ၎င်းမြောင်းကြီး ရေစီးကောင်းသွားပြီးမှ စေတီတောင်ရပ်ကွက်အတွင်းရှိ ပိတ်ဆို့ရေမြောင်းများအား လူအား၊ စက်အားတို့ဖြင့် ဆက်လက် တူးဖော်သွားမည်ဖြစ်ပါတယ်။ ၎င်းနည်းတူ အရာရှိရပ်ကွက်နှင့် ကျန်နေသောရေမြောင်းများကိုလည်း ဆက်လက်တူးဖော်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အတွင်းရှိ စေတနာရှင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ အထူးအလေးထားဆောင် ရွက်လျက်ရှိပါတယ်။

ရပ်ကွက်ကျေးရွာများတွင် ရေစီးရေလာမကောင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန် ခြင်းမရှိပါက ခြင်ပေါက်ဖွားမှု ပိုမိုများပြားနိုင်သည့်အပြင် နောက်ဆက်တွဲအဖြစ် ခြင်မှတစ်ဆင့်ကူး စက်နိုင်သော ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် ဆင်ခြေထောက်ရောဂါများ ရာသီအလိုက်ဖြစ်ပွား နိုင်သဖြင့် ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အထူးအလေးထားဆောင် ရွက်နေသကဲ့သို့ ရာသီအလိုက်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီး ဌာနနှင့်ပူးပေါင်းပြီး စီမံချက်များ စနစ်တကျရေးဆွဲခြင်း၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုများကို အသိပညာပေးရှင်းလင်းခြင်း၊ လူထုအတွင်း ကျန်းမာရေး ပညာပေးခြင်း၊ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းအား ပိုးလောက်လန်းနှိမ်နင်းရေး၊ သို့လျှောင် ရေအတွင်းဆေးခပ်ခြင်းတို့ကို ပုံမှန် ဆောင်ရွက်လျက်ရှိပြီး သွေးလွန်တုပ်ကွေးရောဂါ သံသယရှိသူလူနာများကို စစ်ဆေးခြင်း၊ ကုသပေး ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ သေချာပါက လူနေအိမ်ရပ်ကွက်အတွင်း ရောဂါနှိမ်နင်း ကာကွယ် ရေးလုပ်ငန်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ရန် စီစဥ်လျက်ရှိပြီး ကျောက်ဖြူမြို့နယ်၏ နှစ်အလိုက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာ အောက်ပါ

အတိုင်းဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဖြစ်ပွားတာက ၃၀ ဖြစ်ပြီးတော့ သေဆုံးမှုမရှိပါဘူး။၂၀၁၄ ခုနှစ်မှာဖြစ်ပွားတာက ၃၅ ယောက်ဖြစ်ပြီး သေဆုံးမှုမရှိပါဘူး။ ၂၀၁၅ ခုနှစ်မှာ ဖြစ်ပွားတာက သုံးယောက်ဖြစ်ပြီးတော့ သေဆုံးမှုမရှိပါဘူး။ ကျောက်ဖြူမြို့နယ်တွင် အိမ်ခြေ ၃၄၂၁၈ အိမ်၊ အိမ်ထောင်စု ၃၈၂၀၃ စု၊ လူဦးရေ ၁၆၅၉၅၁ ဦးရှိရာ အိမ်ပိုင်၊ ယာပိုင်မရှိသည့် မြေမဲ့ယာမဲ့ စာရင်းဇယားများအား ကောက်ယူစာရင်းဇယားပြုစုထားရှိပြီးဖြစ်ရာ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်တွင် အိမ်ငှားဖြင့် နေထိုင်သူအိမ်ထောင်စု ၂၂၈ စု၊ လူဦးရေ ၁၀၁၃ ဦး၊ ကျူးကျော်နေရာများတွင် နေထိုင်သူအိမ်ထောင်စု ၉၂ စု၊ လူဦးရေ ၄၁၁ ဦး စုစုပေါင်း အိမ်ထောင်စု ၃၂၀ စု၊ လူဦးရေ ၁၄၂၄ ဦးဖြစ်ပါတယ်။ မြို့အကွက်ရိုက်ချထားမည်ဆိုပါက ဧရိယာအားဖြင့် ၁၀ ဧကခန့် လိုအပ်မည်ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ အိုးပိုင်၊ အိမ်ပိုင်မရှိသည့် လက်လုပ်လက်စားများအား ဘဝရပ်တည်ခိုင်မာရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူမှုဖူလုံရေးစနစ် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပြီး ကျောက်ဖြူမြို့နယ်အနေဖြင့် အခြေခံလိုအပ်ချက်များကို ကြိုတင်လျာထား ပြင်ဆင်စီမံထားမှုမှာ တောင်ရင်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၃၇)၊ တောင်ရင်းကွင်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာနပိုင်မြေ ၁၀.၈ ဧကရှိ မြေအားလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနပိုင် စေတီတောင်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ယာ(ငလပွေ့အိမ်ယာ) ၂.၀၅၂ ဧက အကျယ်အဝန်းရှိမြေအားလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနပိုင် အစိုးရရပ်ကွက်ရှိဝန်ထမ်းအိမ်ယာ ၃.၉၆၅ ဧကရှိ မြေပေါ်တွင်လည်းကောင်း၊ ပြင်ဖြူမော်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၃၆) ပြင်ဖြူမော်ကွင်းရှိ မြေဧရိယာ ၂၆.၈၆ ဧကရှိ မြေပေါ်တွင်လည်းကောင်း၊ မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးတိုးတက်ရေး အထပ်မြင့်တန်ဖိုးသင့်အိမ်ယာစီမံကိန်းများ ဆောင်ရွက်သွားရန် စီမံလျာထားလျက်ရှိပါတယ်။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၅၊ ၆၆၊ ၆၇ တို့ပါ ပုဒ်မခွဲများအရ ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးတွင် တရားမဝင်သည့်နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းများ အသုံးပြုနေခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ပြီး ဥပဒေနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားမြေလွတ်များအသုံးပြုနေခြင်းများကိုလည်း စီစဥ်၍ ဥပဒေအကြံပြုချက်ရယူကာ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် တစ်စုံတစ်ရာထိခိုက်၍ လူမှုရေးအရ ကူညီပေးရမည့်သူများရှိလာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ညှိနှိုင်းဆွေးနွေးပြီး

လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ လိုအပ်ချက်များအား လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေးတစ်ခု လောက်မေးခွင့်ပြုပါ။ ဒုတိယဝန်ကြီး ဖြေကြားသွားတဲ့အတွက်ကြောင့် ကျွန်တော်အပါအဝင် ကျောက်ဖြူဒေသကလူတွေ အကျိုးအကြောင်းသိရပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၁၀ ရက်နေ့က ကျွန်တော် ကျောက်ဖြူမြို့ရောက်တဲ့အခါ ကျောက်ဖြူစည်ပင်သာယာဥက္ကဋ္ဌအသစ် တာဝန်လွှဲအပ်ပြီး တော့ လုပ်ငန်းတွေလုပ်နေတာ တွေ့ရပါတယ်။ ဥက္ကဋ္ဌပြောကြားချက်အရ လုပ်ငန်းလုပ်နေတဲ့နေရာမှာ ငွေကြေးသုံးစွဲဖို့အတွက် ဥက္ကဋ္ဌအသစ်မှာ ငွေထုတ်ယူနိုင်တဲ့အာဏာမရှိသေးဘူးလို့ သိရပါတယ်။ ဒီအတွက်လည်း ကျွန်တော် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကို အကြိမ်ကြိမ်တယ်လီဖုန်းနဲ့ဆက်သွယ်ပေမယ့် ဆက်သွယ်လို့မရတဲ့အတွက်ကြောင့် သမ္မတရုံးဒုတိယဝန်ကြီးအနေနဲ့ ဒီကိစ္စကို ပိုမိုလျင်လျင်မြန်မြန် ချောချောချူချူဖြစ်အောင် ကျောက်ဖြူမြို့စည်ပင်သာယာဥက္ကဋ္ဌက ဥပဒေနဲ့အညီ ငွေထုတ်ယူပြီးတော့ လုပ်ငန်းတွေမှာသုံးစွဲခွင့်ရအောင် ကူညီပေးနိုင်မှာလားဆိုတာလေးတစ်ချက် မေးမြန်းပါရစေ။ ကျေးဇူး တင်ပါတယ်။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)** ။ ။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ ကျွန်တော်ဆက်သွယ်အကြောင်းကြားပြီးတော့ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ရေး အတွက်ကို အကြောင်းကြားပေးပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ် အားလုံး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက်ဆက်ပြီးမေးမြန်းမယ့်မေးခွန်းသုံးခုမှာ ဖြေကြားရမယ့် သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဝန်ကြီးကျန်းမာရေး မကောင်းတဲ့အတွက် လာရောက်ဖြေဆိုနိုင်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျန်ရှိတဲ့ မေးခွန်းများ ဖြစ်တဲ့ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်နဲ့ ဖရူဆိုမဲဆန္ဒနယ် မှ ဦးဦးရယ်တို့ မေးမြန်းတဲ့မေးခွန်းများကို ဒီကနေ့ဆက်လက်ဆောင်ရွက်နိုင်မှာမဟုတ်ဘဲနဲ့ နောက်ရက် များမှပဲ ပြောင်းရွှေ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ ဒီကနေ့ဖြေဆို ပေးတဲ့၊ ထပ်ဆင့်လေးလည်းမေးပေးတဲ့ ဦးဘရှိန်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့မေးခွန်း မေးမြန်းခြင်း၊ ဖြေကြားခြင်းအတွက်ကို ကျွန်တော်တို့မေးခွန်းမေးတာ (၃)မိနစ်၊ ဖြေတာခန့်မှန်း (၃)မိနစ်။ အဲဒီတော့ မေးခွန်းတစ်ခုကို အမေးအဖြေ ခြောက်မိနစ်ခန့်မှန်းပါတယ်။ ခြောက်မိနစ်

ခန့်မှန်းတဲ့အတွက် (၆)ဦးဖြစ်တဲ့အတွက်ကြောင့် (၃၆)မိနစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ထပ်ဆင့် မေးခွန်းလေးနဲ့ ဖြေကြားတဲ့နေရာမှာ ပိုပြီးတော့ ပြည့်ပြည့်စုံစုံလေးဖြေကြားပေးလို့ နောက်ထပ် (၃)မိနစ်စီပေါင်းမယ်ဆိုရင် နောက်ထပ် (၃၆)မိနစ်ပါ။ ဒါဆိုရင် ကျွန်တော်တို့ သတ်မှတ်ထားပေးတဲ့ ပထမတစ်နာရီသည် မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်တဲ့အတွက် ဒီဟာခန့်မှန်း အနေတော် လောက်ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ခါမှာ ထပ်ဆင့်လည်းမမေး။ ဖြေတဲ့သူကလည်း (၃)မိနစ် အတွင်း ပြီးသွားတဲ့အခါကျရင်တော့ နာရီဝက်လောက်နဲ့လည်း ပြီးသွားနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ ခန့်မှန်းတွက်ချက်ထားရတာဖြစ်ပါတယ်။ သို့သော်လည်း ဒီကနေ့တော့ ကံအားလျော်စွာပဲ ဖြေဆိုမယ့် ဝန်ကြီးမလာနိုင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အချိန်လေးက စောစီးစွာပဲ ပြီးဆုံးသွားရတာဖြစ်ပါ တယ်။ ဒါကြောင့် ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပြီဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း နှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင် ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုပြီးနောက် ၁၁-၆-၂၀၁၅ ရက်နေ့ မှာပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါ တယ်။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို လွှတ်တော် နှစ်ရပ်စလုံးက သဘောတူခြင်းဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နဲ့(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသောပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအားအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုပြီးနောက် ၁၁-၆-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ပြန်လည်ပေးပို့လာခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နဲ့(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**အချိန်၊ ၁၀ း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့ကို ၁၀ း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**